# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 29, 2019 Volume 25, Number 18


**၂၉.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၅၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/- ကျပ် |
| CBM Rate | = ၁၅၀၈.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၇.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၇.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄ .၇၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၄၃၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ သန်း ၁၂၀ ကျော်ရရှိထားပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့မှု ရာခိုင်နှုန်း ၈၀ ကျော်ရှိ

လက်ရှိဘဏ္ဍာနှစ် တစ်လခွဲတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၄၃၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ သန်း ၁၂၀ ကျော်ရရှိထားပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့်တင်ပို့မှုသည် ရာခိုင်နှုန်း ၈၀ ကျော်အထိရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲစုစုပေါင်းတန်ချိန် ၄၃၆၆၈၅ ဒသမ ၆၉၄ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၄၂၇ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ တင်ပို့ခဲ့ရာတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ ဆန်တန်ချိန် ၂၉၅၆၁၈ ဒသမ ၉၄၄ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၉ သန်းကျော် ရရှိခဲ့သည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၄၁၀၆၆ ဒသမ ၇၅၀ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၆ သန်းကျော်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှဆန်ကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃၇၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော်ရှိသည်။ စုစုပေါင်းတင်ပို့မှု၏ ၈၄ ရာခိုင်နှုန်းကျော်ရှိသည်။ ထို့အတူ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၆၆၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၇ သန်းကျော် ရရှိထားသည်။ စုစုပေါင်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းကျော်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၂ ဒသမ ၃၅၅ သန်းတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ဆန်နှင့်ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းနီးပါးတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့ နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများ အခက်အခဲ ဖြစ်နေခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အနေဖြင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့် စပါးများ အခြောက်

ခံရန် အခက်အခဲ၊ သယ်ယူပို့ဆောင်ရေး ယာဉ်အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှုအားနည်းမှုများကိုတွေ့ရှိရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေ ၁၈ ရက်က ထုတ်ပြန်ထားသည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှ အရောင်းအဝယ်အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှုကျဆင်းနေကြောင်း၊ ယခုအခြေအနေသည် ပုဂ္ဂလိကသက်သက် ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/147478

## ၂၀၁၉ ခုနှစ် အကောင်းဆုံးဆန်အဖြစ် ဗီယက်နမ်ဆန် ရွေးချယ်ခံရ



ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် နိုဝင်ဘာလဒုတိယပတ်အတွင်း ကျင်းပခဲ့သော ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆန်စပါးညီလာခံ၌ ဗီယက်နမ်ဆန် ST24 ကို ယခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်ရွေးချယ်ခဲ့ပြီး ဗီယက်နမ်အနေဖြင့် အဆိုပါဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့ဆန်လုပ်ငန်းဆိုင်ရာ သုံးသပ်ချက်များကို ရေးသား ထုတ်ဝေလျက်ရှိသော The Rice Trader က စီစဉ်ကျင်းပခဲ့သည့် ၁၁ ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံတွင် ကမ္ဘာ့အကောင်းဆုံး ဆန်ပြိုင်ပွဲမှာ အဓိကအစီအစဉ်တစ်ခုအနေဖြင့် ပါဝင်ခဲ့သည်။

ကမ္ဘာ့ဆန်စပါးညီလာခံသည် နှစ်စဉ်ပြုလုပ်သော ညီလာခံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဆန်လုပ်ငန်းမှ ပုဂ္ဂိုလ်များ၊ မူဝါဒရေးဆွဲသူများနှင့်သုတေသနအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် ဆန်အရည်အသွေးနှင့် အရသာ ကောင်းမွန်သော ဗီယက်နမ်ဆန်မွှေး ST25 အား ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်ဆန်အနေဖြင့် ပထမဆုံးဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံက ကမ္ဘာ့အကောင်းဆုံးဆန်ဆုတံဆိပ်ကို ငါးကြိမ်ဆွတ်ခူးထားပြီး ယင်းနောက်တွင် ကမ္ဘောဒီးယားက လေးကြိမ်၊ အမေရိကန်ပြည်ထောင်စုက နှစ်ကြိမ်နှင့်မြန်မာနိုင်ငံကတစ်ကြိမ် အသီးသီးဆွတ်ခူးထားကြသည်။ အချို့နှစ်များတွင် အကောင်းဆုံးဆန်အဖြစ် နှစ်နိုင်ငံပူးတွဲချီးမြှင့်ခဲ့ဖူးသည်။ ပြိုင်ပွဲ၌ နိုင်ငံတကာစားဖိုမှူးများက ပြိုင်ပွဲဝင်ဆန်များအား ချက်ပြုတ်ပြီး ဆန်၏အဆင်း၊ အနံ့နှင့်အရသာတို့ကိုစိစစ်ကာ အကောင်းဆုံးဆန်အားရွေးချယ်ခြင်းဖြစ်သည်။

ဗီယက်နမ် ST ဆန်မျိုးများကို ဗီယက်နမ်စပါးစပ်မျိုးပညာရှင် Ho Quang Cua က နှစ်ပေါင်း ၂၀ ကျော်ကြာ မျိုးစပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုဆုရရှိသော ST24 ဆန်မှာ ၂၀၁၇ ခုနှစ်က မကာအိုတွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့ အကောင်းဆုံး ဆန်ပြိုင်ပွဲ၌ ထိပ်သီးဆန်သုံးမျိုးတွင် စာရင်းဝင်ခဲ့ဖူးသည်။

**Source: Tuoi Tre News**

https://www.facebook.com/myanmaawba/?ref=page_internal

## နိုင်ငံခြားငွေပြသနိုင်မှသာ တစ်ဦးချင်း ကားတင်သွင်းခွင့်ပြုမည်

လာမည့် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ပြည်ပမှတစ်ဦးချင်း ကားတင်သွင်းခွင့်လိုင်စင် လျှောက်ထားရာတွင် တင်သွင်းမည့် ကားတန်ဖိုးအတွက် နိုင်ငံခြားငွေပြသနိုင်မှသာ လျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ နိုဝင်ဘာ ၂၇ ရက်တွင်သိရသည်။ "လာမယ့်နှစ်မှာတော့ တစ်ဦးချင်းကားတင်သွင်းတဲ့ လိုင်စင်လျှောက်တာကို နိုင်ငံခြားငွေရှိမှ လျှောက်ထားခွင့်ပေးဖို့ရှိတယ်။ သင်္ဘောသားတွေလို ဒေါ်လာရှိမှ Earning စနစ်သဘောမျိုး လုပ်ဆောင်သွားဖို့ရှိတယ်။ ပို့ကုန်ကရတဲ့ နိုင်ငံခြားငွေတန်ဖိုးအတိုင်း ကားလိုင်စင်လျှောက်ရမယ့်သဘောပေ့ါ။ လာမယ့် ကြီး/ကော်အစည်းအဝေးမှာ အဖွဲ့တွေနဲ့ဆွေးနွေးပြီးဆုံးဖြတ်သွား မှာပါ"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လာမည့် ၂၀၂၀ ခုနှစ်တွင် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်ခွင့်ပြုရာတွင် လူပုဂ္ဂိုလ်

တစ်ဦးချင်း လျှောက်ထားမှုအတွက် ၂၀၁၇ မော်ဒယ်မှ ၂၀၂၀ မော်ဒယ်အထိ ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ကားဟောင်းစလစ်ကပ်ဖြင့် လူစီးအတွက် ၁၃၅၀ စီစီနှင့်အောက်အပါအဝင် ၂၀၁၇ မှ ၂၀၂၀ မော်ဒယ်အထိ၊ ကုန်တင်ယာဉ်များကို ၂၀၁၆ မှ ၂၀၂၀ မော်ဒယ်အတွင်း၊ ဘယ်မောင်းခရီးသည်တင်ယာဉ်များအား ၂၀၁၆ မှ ၂၀၂၀ မော်ဒယ်အထိ၊ ယန္တရားများကို ၂၀၁၁ မှ ၂၀၂၀ မော်ဒယ်အတွင်း ဘယ်မောင်း များသာတင်သွင်းရန် သတ်မှတ်ထားသည်။ နိုင်ငံတော်အတွက် လျှုဒါန်းသည့် မီးသတ်ကားနှင့် လူနာတင်ကားများတင်သွင်းခွင့်လျှောက်ထားရာတွင် ၂၀၀၆ မော်ဒယ်အထိသာ လက်ခံမည်ဖြစ်ပြီး အများ ပြည်သူသုံးလမ်းမများတွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် လုပ်ငန်းသုံးယန္တရားကြီးများအား လွန်ခဲ့သော ၁၅ နှစ်အတွင်းထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**Source:** https://myanmar.mmtimes.com/news/131641.html

## ယခုနှစ် ကြံကြိတ်ရာသီ ကြံဝယ်ယူမှု ကျဆင်းနိုင်



**ယမန်နှစ် ကြံကြိတ်ရာသီတွင် ကြံပိုမိုကြိတ်ခဲ့ရခြင်းကြောင့် သကြားစက်ရုံ အများစု၌ သကြားများစုပုံနေပြီး ယခုနှစ်ရာသီတွင် ကြံဝယ်ယူမှုနှုန်းကျဆင်းလာနိုင်ကြောင်း ကြံလုပ်ငန်းရှင်တချို့ကပြောသည်။** "ကြံကိုတော့ စက်ရုံတွေက ဝယ်ကြမှာပါ။ လျှော့တော့ဝယ်ကြမယ်ထင်တယ်။ ဥပမာတန် ၁၀၀ ဝယ်နေကျ သူက တန် ၈၀ လောက် ဝယ်တာမျိုးတွေ၊ အရစ်ကျ ပေးချေတာမျိုးတွေလုပ်ကြမှာ ဆိုတော့ သကြားဈေး ကျနေတာလည်း တစ်နှစ်လောက်ရှိပြီဆိုတော့ ကြံတောင်သူ တွေ နစ်နာမှုတော့ရှိကြမှာပါ"ဟု မြန်မာနိုင်ငံ ကြံ၊ သကြား စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။ ထို့ပြင် သကြားဈေး ထိုးကျခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ကြံစိုက်ပျိုးရိတ်သိမ်းမှု နောက်ကျ သဖြင့် သကြားစက်ရုံများသည် ကြံကြိတ်ခြင်းလုပ်ငန်းကို နှစ်စဉ်ပုံမှန် နိုဝင်ဘာလ တွင် စတင်ဆောင်ရွက်ရသော်လည်း ယခုနှစ်တွင် ပုံမှန်ထက်တစ်လနောက်ကျပြီး ဒီဇင်ဘာလရောက်မှသာ ဆောင်ရွက်နေ ရကြောင်း ကြံလုပ်ငန်းရှင်တချို့ကပြောသည်။

ယခုနှစ်တွင် သကြားစက်ရုံတိုးချဲ့ထားသော နဝဒေးသကြားစက်ရုံက ကြံတစ်တန်ကို ကျပ်၄၅၀၀၀ ဈေးနှုန်း ဖွင့်လှစ် ထားပြီး ဂရိတ်ဝေါလ်သကြားစက်ရုံက ကျပ် ၄၀၀၀၀ ဈေးနှုန်းသာဖွင့်လှစ်ထားကြောင်း ကျန်သကြားစက်ရုံများမှာ ဈေးနှုန်းဖွင့်လှစ်ထားခြင်း မရှိသေးကြောင်း လုပ်ငန်းရှင်တချို့ကပြောသည်။ "အရင်နှစ်ထက် တစ်တန်ကို ကျပ် ၄၀၀၀ ၊ ကျပ် ၅၀၀၀ ဝန်းကျင် လျှော့နည်းမယ့်သဘောရှိတယ်"ဟု ဦးဝင်းဌေးကဆိုသည်။ ကြံဈေးနှုန်းလျှော့နည်းသလို သကြားဈေးနှုန်း သည် ယခင်နှစ်ဈေးနှုန်းများနှင့်တူညီသော်လည်း လုပ်အားခနှင့် သွင်းအားစုကုန်ကျစရိတ်တွင် မတူညီမှုကြောင့် အခက်အခဲ ကြုံတွေ့နေရပြီးသကြားစက်ရုံများ အကျိုးစီးပွားဖြစ်ထွန်းပါမှ ကြံတောင်သူများလည်း အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း ကြံတောင်သူတို့ကဆိုသည်။ "၂၀၁၅ ခုနှစ်တုန်းက ကြံတစ်တန်ကို ၅၀၀၀၀ ရခဲ့တယ်။ နောက်တော့ ၄၅၀၀၀။ အခုနှစ်မှာတော့ သကြားဈေး ကျတယ်။ ကျွန်တော်တို့ ကြံတစ်တန်ဈေးရရှိမှုက သကြားဈေးပေါ်မူတည်ပါတယ်။ အခုလို သကြားဈေးကွက် ပျက်တော့ တောင်သူတွေဘဝ ပြိုလဲကြရပါတယ်" ဟုကြံတောင်သူ ဦးငွေညွန့်က ဆိုသည်။

မြန်မာနိုင်ငံ ကြံ၊ သကြား စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၏ စာရင်းများအရ ငါးနှစ်အတွင်း ကြံစိုက်တောင်သူ နှစ်ဆကျော်မြင့်တက်ခဲ့ပြီး ကြံတစ်တန်ဈေးနှုန်း ၄၀၀၀၀ ထိ ကျဆင်းလျော့နည်းလာကြောင်း သကြားစက်ရုံ ၂၃ ရုံနှင့် ကြံစိုက်တောင်သူ ငါးသိန်းဝန်းကျင်လုပ်ကိုင်နေကြောင်းသိရသည်။ ထို့ပြင် ကြံစိုက်တောင်သူများ၏ ဘဝရပ်တည်မှု အခြေ အနေမှန်ကိုသိရှိနိုင်ရန် စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့က ကြံတောင်သူများလက်မှတ်ရေးထိုးပြီး ယခုနှစ် စက်တင်ဘာအတွင်းက နိုင်ငံတော်သမ္မတထံတင်ပြထားကြောင်း ပြည်တွင်း၌သကြားများစုပုံနေချိန်တွင် ပြည်ပသကြား တင်သွင်းမှုကိုကန့်သတ်ရန် တောင်သူတို့ကတောင်းဆိုထားသည်။

**Source:** https://myanmar.mmtimes.com/news/131657.html

## တရုတ်ကြိုက် မြေပဲအဖြူဆန်များ မုံရွာဈေးကွက်သို့ဝင်နေ



အေးနေသောဈေးဖြင့် တရုတ်ကြိုက် မြေပဲအဖြူ ဆန်များ မုံရွာဈေးကွက်သို့ ဝင်နေကြောင်း မြန်မာသိန်း ပွဲရုံပိုင်ရှင် ဦးသိန်းဦးထံမှသိရသည်။ "မြေပဲဆန်က အခု ဈေးနည်းနည်းပြန်အေးသွားတယ်။ အခုပေါ်နေတာက ချောင်းဦး၊ မြင်းမူ၊ မြောင် မြို့နယ်က ဩဂုတ်လမှာပဲတွေဝင်နေတယ်။ ဩဂုတ်လက စစိုက်တဲ့ အဖြူဆန် မိုးပဲခေါ်တာပေါ့။ စောစော ပိုင်းက ဘုတလင်၊ ဒီပဲယင်း၊ ကနီမြို့နယ်တွေကဝင်တဲ့ မြေပဲဆန်ကပါးသွားပြီ။ အရင်ပေါ်တဲ့ ဘုတလင်၊ ဒီပဲယင်း၊ ကနီဘက်ကလာတဲ့ မြေပဲဆန်ကတစ်ပိဿာ ကျပ် ၂၈၀၀ ဝန်းကျင်ရှိတယ်။ လက်ရှိပေါ်နေတဲ့ မြေပဲဆန် က တစ်ပိဿာ ကျပ် ၃၁၀၀ ဈေးရှိတယ်။

အခုပေါ်တဲ့ မြေပဲဆန်တွေက တရုတ်ဈေးကွက်က ကြိုက်တယ်။ အရင်မိုးပဲက အရောင်မလှတော့ ဒေသတွင်းမှာ သုံးဖို့လောက်ပဲရတယ်" ဟု ဦးသိန်းဦးကပြောသည်။ "မြေပဲအနီဆန်ကို တရုတ်နိုင်ငံမှ ဆွဲသလိုပဲ ကြော်ဖိုတွေကဆွဲပြီး အဖြူဆန်ကိုလည်း တရုတ်နိုင်ငံကဆွဲသလို ဆားလှော်သမားတွေလည်းသုံးကြတယ်။ မြေပဲဆန်ဟာ တစ်နှစ်ပတ်လုံး အသုံး ရှိနေပြီး ဈေးနှုန်းအတက်အကျသာရှိတဲ့အပြင် အခြားသီးနှံလိုမျိုး ပြည်ပဈေးကွက်ကို လုံးဝရပ်တည်နေရတဲ့ သီးနှံမဟုတ်ဘဲ ဈေးကွက်သဘောအရ ပြည်တွင်းမှအမြဲသုံးနေတဲ့အတွက် ဖြုန်းအားကောင်းတယ်။ အခုချိန်က ဈေးကွက်သဘောအရ တရုတ်က ဝယ်ရနေသေးတယ်။ ဝယ်မရရင် သူတို့တက်ဝယ်ကြမှာပါ။ မနှစ်ကအမြင့်ဆုံးဈေးက တစ်ပိဿာ ကျပ် ၄၂၀၀ ရှိခဲ့တယ်"ဟု ဦးသောင်းကပြောသည်။ နှစ်စဉ် ဇန်နဝါရီလပေါ်သည့် မြေပဲအနီဆန်ကို ချင်းတွင်းမြစ်အထက်ပိုင်းဒေသများမှ မုံရွာဈေးကွက်သို့ဝင်ပြီး မြေပဲအဖြူဆန်ထက် အနီဆန်ကို တရုတ်ဝယ်လက်များက ပိုကြိုက်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131642.html

## ကျင်စန်းကျော့ဂိတ်ပေါက်အနီး မြန်မာဘက်မှ ဖရဲသီးကားများ အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရ

တရုတ်-မြန်မာနယ်စပ်တွင် မြန်မာဘက်မှ ဖရဲသီးကားများ တရုတ်နိုင်ငံအတွင်း ဝင်ရန်အတွက် ကျင်စန်းကျော့ဂိတ်ပေါက် အနီး အစီးရေရာနှင့်ချီ၍ အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရကြောင်း ဖရဲကုန်သည်များထံမှသိရသည်။ နှစ်နိုင်ငံဖရဲသီး ရောင်းဝယ်မှုကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိသည့် အရှေ့မြောက်တံခါးအများနှင့်သက်ဆိုင်သော ကုမ္ပဏီ သစ်သီးရောင်းဝယ်ကွင်းတွင် ရာသီအလိုက်သီးနှံပေါ်ချိန်ရောက်တိုင်း နံနက် ၇ နာရီခွဲမှ ၉ နာရီဝန်းကျင်အထိ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ပြီး အရောင်းအဝယ်ဖြစ်သည့် ဖရဲ၊ သခွားကားများမှာ ကျင်စန်းကျော့လမ်းမှတစ်ဆင့် ဝမ်တိန်နှစ်နိုင်ငံအသီးရောင်းဝယ်ကွင်းကို ဆက်လက်ထွက်ခွာခြင်းဖြစ်သည်။ “ကျွန်တော်တို့အနေနဲ့ (၁၀၅)မိုင် အသီးရောင်း ကွင်းမှာ အရောင်းအဝယ်ဖြစ်ပြီးရင် ဝမ်တိန်အသီးရောင်းကွင်းကို ဆက်လက်ထွက်ကြရတာဖြစ်ပါတယ်။ အခု ကျင်စန်း ကျော့ဂိတ်အဝင်မှာ အချိန်အနည်းငယ်ကြာတဲ့အတွက် ဟိုဘက်ကမ်းက ဝယ်လက်တွေအနေနဲ့ အသီးပြန်ဝယ်ယူတဲ့အခါ အချိန် နောက်ကျတာပေါ့။ ကျွန်တော်တို့ဘက်ကတော့ နံနက် ၉ နာရီမထိုးခင် ဖရဲသီးကားတော်တော်များများ ကျင်စန်းကျော့ လမ်းမပေါ် ကျင်စန်းကျော့ဂိတ်ပေါက်အနီးကိုရောက်နေပါတယ်။ တရုတ်ဘက်က တာဝန်ရှိသူတွေက သူတို့နိုင်ငံမူဝါဒအရ ဂိတ်အဝင်အထွက်မှာ စစ်ဆေးမှုတွေလုပ်ပါတယ်။ အဓိက တော့ ယာဉ်မောင်းလိုင်စင်နဲ့ မှတ်ပုံတင်ပေါ့။ ကျန်တာတော့ ထွေထွေထူးထူး မစစ်ပါဘူး။ လူအဝင်လည်းများတယ်။ ကားအဝင်လည်း များတယ်ဆိုရင်တော့ စောင့်ရတဲ့အချိန်ကြာတာပေါ့။ တစ်ခါတလေဆိုရင် မနက်ကတည်းကနေ နေ့လယ်ပိုင်းထိဝင်လို့မရတဲ့ အသီးကားတွေလည်းရှိတယ်။ ဒီလို နောက်ကျ ရင်တော့ အသီးအရည်အသွေးပိုင်း အနည်းငယ်ထိခိုက်တာပေါ့။ တချို့ ကားဆရာတွေက ဂိတ်သွားနေတဲ့အချိန် နောက်ကကားတွေက ကျော်တက်ပြီး လမ်းပိတ်တာတွေလည်း တစ်ခါတလေကြုံရပါတယ်။ အားလုံးအဆင်ပြေဖို့ဆိုတာ သူတို့နိုင်ငံကိုတော့ သွားပြောလို့မရဘူးပေါ့။ အဓိကကိုယ့်နိုင်ငံကသူတွေက သူတို့ သတ်မှတ်ထားတဲ့အတိုင်း မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင် စတဲ့ အထောက်အထား ပြည့်ပြည့်စုံစုံပါလာမယ်၊ ကိုယ့်ဘက်ကလည်း အဝင်အထွက်မှာ စည်းကမ်းတကျဝင်မယ်၊ ကားတွေကိုလည်း

ကျော်မတက်ဘဲ သူ့စည်းကမ်း နဲ့ သူမောင်းမယ်ဆိုရင်တော့ အချိန်က ပြောသလောက် မကြာ ပါဘူး”ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။ မူဆယ်နယ်စပ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်နယ်မြေအတွင်းရှိ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းတွင် ယခုရက်ပိုင်း ဖရဲ၊ သခွား ကား အစီးရေ ၂၀၀ ကျော် ၃၀၀ ဝန်းကျင်ခန့် ဝင်ရောက်ရောင်းချနေပြီး အဆိုပါအသီးကားများသည် တရုတ်နိုင်ငံ ဝမ်တိန်အသီးကွင်းသို့ ကျင်စန်းကျော့လမ်းမှတစ်ဆင့် နေ့စဉ်အဝင်အထွက် ပြုလုပ်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ဈေးကွက်သို့ မိုးကြက်သွန်နီများ အများအပြားဝင်ရောက်လာ



မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ရေစကြိုမြို့နယ် ထွက် မိုးကြက်သွန်နီ အမြောက်အမြားဝင်ရောက်နေပြီဖြစ်ကြောင်း ပခုက္ကူကြက်သွန် ပွဲရုံများထံမှသိရသည်။ ဆောင်းကြက်သွန်နီဈေးကွက် ဈေးအမြင့်ဆုံး ရောက်နေချိန် မိုးကြက်သွန်နီများ အများအပြား ဝင်ရောက်လာခြင်းကြောင့် ဆောင်းကြက်သွန်နီတစ်ပိသာလျှင် ဈေးနှုန်းငွေကျပ် ၂၇၀၀ ဈေးသာရှိတော့ကြောင်း ပခုက္ကူကြက်သွန်နီပွဲရုံ လုပ်ငန်းရှင်များ ထံမှသိရသည်။

ရေစကြိုမြို့နယ် မိုးကြက်သွန်နီ စိုက်တောင်သူများသည် ဩဂုတ်လ၊ စက်တင်ဘာလအတွင်းက စိုက်ပျိုးထားသည့် မိုးကြက်သွန်နီများကို နှစ်လခွဲ၊ သုံးလအကြာတွင် တူးဖော်ရောင်းချကြကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာ မိုးကြက်သွန်နီစိုက် တောင်သူဦးဖော်ဝင်းထံမှသိရသည်။ မိုးကြက်သွန်နီ ပေါ်ခါစ တစ်ပိသာလျှင် ငွေကျပ် ၂၁၀၀ ရှိရာမှ ငါးရက်အကြာတွင် တစ်ပိသာလျှင်ငွေကျပ် ၁၇၀၀ အထိ ကျဆင်းသွားသည်။ လက်ရှိတွင် ပခုက္ကူဈေးကွက်သို့ ရေစကြိုမြို့နယ်ထွက် ကြက်သွန်နီများ တစ်ရက်လျှင် ပိသာချိန် ၁၀၀၀၀ ကျော် ဝင်ရောက်နေကြောင်းသိရသည်။

အလှူမင်္ဂလာပွဲများတွင် ဆောင်းကြက်သွန်(ခေါ်) လှောင်ကြက်သွန်ဖြင့်သာ ကြက်သွန်ကြော်၊ ငါးခြောက် ကြော် ကြော်ကြကြောင်း၊ မိုးကြက်သွန်သည် အပုပ်မြန်ခြင်း၊ လှောင်၍မရခြင်းတို့ကြောင့် ဖော်ပြီးချက်ချင်းရောင်းချကြ ကြောင်း၊ မိုးကြက်သွန်များကို ရေဝတီမြစ်ရေကျချိန် မြေနုကျွန်းများနှင့် ကျွန်းမြေများ၊ ချင်းတွင်းမြစ် မြေနုကျွန်းများတွင် အမြောက်အမြား စိုက်ပျိုးကြကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2530-many-rain-onions-are-entering-the-pakokku-market.html

## ကနေဒါထွက်ပဲများကို ပိုမိုတင်သွင်းနေသော အိန္ဒိယ

လက်ရှိ ၂၀၁၉-၂၀ ရာသီအတွင်း အိန္ဒိယနှင့်တူရကီနိုင်ငံတို့သည် ကနေဒါနိုင်ငံထွက် ပဲများကို ပိုမိုဝယ်ယူ တင်သွင်းနေရကြောင်း သတင်းများတွင်ဖော်ပြသည်။ အိန္ဒိယအကျိုးဆောင်ကုမ္ပဏီတစ်ခု ဖြစ်သော JLV Agro မှ ဒါရိုက်တာဖြစ်သူ Vivek Agrawal က မွန်ဘိုင်းရှိပဲမျိုးစုံဈေးနှုန်းများသည် လွန်ခဲ့သောလဝက်အတွင်း ၈-၁၀ % ခန့် မြင့်တက်လာသည်ဟု ဆိုသည်။ “အချိန်အခါမဟုတ် မိုးတွေရွာလို့ ဈေးကွက်မှာကသောင်းကနင်းတွေဖြစ်ကုန်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ် ၂ ပတ်အတွင်း အိန္ဒိယအလယ်ပိုင်းနဲ့ အနောက်ပိုင်းမှာ ပဲအပျက်အစီးရှိတဲ့ သတင်းတွေထွက်ပေါ်လာလို့ ဈေးကသိသာမြင်သာကို မြင့်တက်သွားပါတယ်” ဟု ၎င်းကပြောကြားသည်။ ပဲဈေးများ မြင့်တက်လာခြင်းကြောင့် တချို့ပဲများကို တင်သွင်းခွင့်ပမာဏ (ကိုတာ) တိုးမြှင့်ပေးရန် အစိုးရအား ကုန်သည်များက တိုက်တွန်းနှိုးဆော်လာသည်။ Agrawal ၏ သုံးသပ်ချက်အရ

အိန္ဒိယပဲဈေးကွက်သည် ဝယ်အားနှင့်ရောင်းအား ညီညွတ်မျှတသည့်ပုံစံသို့ တဖြည်းဖြည်းချင်းရွေ့လျားနေသည်ဟု ဆိုသည်။

အိန္ဒိယအစိုးရက ပဲမျိုးစုံတင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်ချက်နှင့် သွင်းကုန်ခွန်များ တိုးမြှင့်ထားသည့်တိုင် ၂၀၁၉-၂၀ ပထမနှစ်ဝက်ကာလအတွင်း စားတော်ပဲဝါ တန်ချိန် ၄ သိန်းနှင့် ပဲရာဇာ တန် ၃ သိန်းခွဲ အပါအဝင် ပြည်ပမှ ပဲမျိုးစုံ တန်ချိန် ၁.၁ သန်းခန့် တင်သွင်းခဲ့ပြီးဖြစ်သည်။ စားတော်ပဲတင်သွင်းမှုကို အိန္ဒိယဗဟိုအစိုးရက တန်ချိန် ၅ သောင်း ကိုတာ သတ်မှတ်ထားပြီး အခွန်ကိုလည်း ၅၀ % ချမှတ်ထားသည့်ကြားက ကုန်သည်များသည် ဒေသန္တရတရားရုံး ခွင့်ပြုချက်များဖြင့် ခွဲတမ်းပမာဏထက် ပိုမိုတင်သွင်းရန် နည်းလမ်းရှာနေကြသည်။ပဲရာဇာကိုလည်း အစိုးရကသွင်းကုန်ခွန် ၃၀ % သတ်မှတ်ထားသည်။ သို့သော် ခွဲတမ်းသတ်မှတ်ချက် မရှိဘဲ တင်သွင်းခွင့်ပေးထားသည်။ လေ့လာသူများအဆိုအရ ကနေဒါထွက် ပဲရာဇာပေါက်ဈေးနှုန်းသည် သွင်းကုန်ခွန် ရှိနေသည့်တိုင်အောင် အခြားသော ပဲဈေးနှုန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိနေသည်။ လက်ရှိ ၂၀၁၉ ခုနှစ် ပထမ ၉ လအတွင်း အိန္ဒိယသည် ကနေဒါမှ ပဲရာဇာတန်ချိန် ၅၇၄၀၈၆ ကို တင်သွင်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ကလည်း ကနေဒါထံမှ ပဲရာဇာတန်ချိန် ၁၈၇၄၅၉ ကို တင်သွင်းခဲ့သည်။

ကနေဒါထွက်ပဲရာဇာနှင့်စားတော်ပဲများသည် ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် အိန္ဒိယထဲသို့ တရားမဝင်ဖြတ်သန်း ဝင်ရောက်နေသည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။ ပြီးခဲ့သော မိုးကာလအတွင်း အိန္ဒိယ၏ မိုးစိုက်ပဲထုတ်လုပ်မှုသည် တန်ချိန် ၈.၂၃ သန်းမျှသာရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသဖြင့် အစိုးရ၏ လျာထားချက်ဖြစ်သော တန်ချိန် ၁၀.၁ သန်းအောက် လျော့နည်းနေသည်။ ထို့အပြင် အခါလွန်မိုးများ ရွာသွန်းမှုကြောင့် ယင်းခန့်မှန်းချက်ထက်ပင် အထွက်နည်းမည်ဟု ကုန်သည်များက ယူဆထားသည်။ "ရှေ့လတွေကျရင် အိန္ဒိယအစိုးရအနေနဲ့ လက်ရှိ ချမှတ်ထားတဲ့ ပဲတင်သွင်းခွင့် ကန့်သတ်ချက်တွေကို လုံးဝ ဖယ်ရှားတာမျိုး မလုပ်ရင်တောင်မှ အနည်းနဲ့အများ ဖြေလျှော့ပေးဖို့ စဉ်းစားလာနိုင်ပါတယ်" ဟု ပဲဈေးကွက်ကျွမ်းကျင်သူ G. Chandrashekhar က ခန့်မှန်းပြောဆိုသည်။

**Source:** https://www.facebook.com/gromaxxmyanmar/posts/426583891368254?__tn__=K-R

## ယခုနှစ် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ သီဟိုဠ်စေ့တင်ပို့မှုပမာဏ တစ်ဟုန်ထိုးမြှင့်တက်





ဗီယက်နမ်နိုင်ငံစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုဌာန လယ်ယာထွက်ကုန်အရောင်းကိုင်နှင့်ဖွံ့ဖြိုးတိုးတက်မှု ဌာနမှ ထုတ်ပြန်သောသတင်းအရ ယခုနှစ်စက်တင်ဘာလတွင်ဗီယက်နမ်နိုင်ငံ၏သီဟိုဠ်စေ့တင်ပို့မှုတန်ချိန် (၃.၂၈) သိန်းတန်ရှိပြီး တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ(၂၄၀၀)သန်းရှိကာ တင်ပို့မှုတန်ချိန်မှာ ယခင်နှစ်ကာလတူထက် ၂၀.၉% မြင့်တက်ခဲ့ရာ တင်ပို့မှုပမာဏမှာ ယခင်နှစ်ကာလတူထက် ၅.၅%မြင့်တက်ခဲ့ကြောင်းသိရပါသည်။ အမေရိကန်၊ တရုတ်နှင့်နယ်သာလန်သည် ရှေ့(၈)လအတွင်း ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်သွင်းမှုအများဆုံးသောဈေးကွက်ဖြစ်ပါသည်။ သို့သော် သတိထားသင့်သည်မှာ ဗီယက်နမ်နိုင်ငံ၏ တရုတ်နိုင်ငံသီဟိုဠ်စေ့တင်ပို့မှုပမာဏ မှာ ၃၅.၄% ခန့် တစ်ဟုန်ထိုးမြှင့်တက်ခဲ့ကြောင်း

သိရပါသည်။ လယ်ယာထွက်ကုန်ဈေးကွက်အချောကိုင်ဖွံ့ဖြိုးတိုးတက်မှုဌာနမှ သုံးသပ်ချက် အရ တရုတ်-အမေရိကန် ကုန်သွယ်ရေးတင်းမာမှုပိုမိုပြင်းထန်လာသည်နှင့်အမျှ ဗီယက်နမ်နိုင်ငံ၏ တရုတ်နိုင်ငံသို့ သီဟိုဠ်စေ့ တင်ပို့မှုပမာဏမှာလည်း တစ်ဖြည်းဖြည်းတိုးမြင့်လာပါသည်။ ပြည်တွင်းအချောကိုင်လုပ်ငန်းအသီးသီးမှာ ထုတ်ကုန် အရည်အသွေးကိုမြှင့်တင်လျက်ရှိရာ စားသောက်ကုန်လုံခြုံရေးစံနှုန်းကို ဖြည့်ဆည်းလျက်ရှိကြောင်းသိရပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ဥရောပနှင့်အမေရိကန်နိုင်ငံ၏ တောင်းဆိုချက်များမြင့်တက်လာသည်နှင့်အမျှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘာ့သီဟိုဠ်စေ့ဈေးကွက်မှာ အလွန်တက်ကြွကောင်းမွန်လာလျက်ရှိပါသည်။ တင်သွင်းလုပ်ငန်းများမှာ သီဟိုဠ်စေ့ အများအပြားထုတ်လုပ်သွားရန်လိုအပ်ပြီး ရောက်ရှိလာတော့မည့် ကျေးဇူးတော်ချီးမွမ်းပွဲ(Thanks- giving Day)နှင့် ခရစ္စမတ်ပွဲ၏လိုအပ်ချက်ကို ဖြည့်ဆည်းသွားရမည်ဖြစ်သည်။ ဂျပန်ဈေးကွက်၏အရည်အသွေးမြင့် အော်ဂဲနစ်သီဟိုဠ်စေ့အပေါ် တောင်းဆိုချက်မှာလည်း အလွန်မြင့်ပါသည်။ ဗီယက်နမ်ဆောက်လုပ်ရေးအစုရှယ်ယာမှ ရင်းနှီးမြှုပ်နှံသူများကို သတိပေးအပ်ချက်အရ ဗီယက်နမ်သည် အရှေ့တောင်အာရှရင်းနှီးမြှုပ်နှံမှု၏ အဓိကအချက်အချာဖြစ်နေသော်လည်း ရင်းနှီးမြှုပ်နှံမှု အန္တရာယ်ကို သတိထားထိန်းချုပ်သွားရန်လိုအပ်ကာ သေချာသုံးသပ်ရွေးချယ်သွားရန်လိုအပ်ပါသည်။ ဗီယက်နမ် ဆောက်လုပ်ရေးအစုရှယ်ယာWechat Account “ynzqkx”ကို Follow ကာ ဗီယက်နမ်ဈေးကွက်၏ နောက်ဆုံးသတင်းများနှင့် သီးသန့်မျှဝေထုတ်ဖော်ချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## Thura News Views

**Sugar season delayed as prices fall**

Sugar production in Myanmar will begin a full month later than usual due to unfavorable weather and falling prices. An unnamed sugar cane trader told the Myanmar Times that the “unusual weather” has pushed the sugar production season into early December, a delay of almost a month.

U Win Htay, deputy chair of the Myanmar Sugar and Sugar Related Products Merchants and Manufacturers’ Association, did not comment on the delayed season. But he acknowledged that the industry has had a difficult year. Speaking to the Myanmar Times, he said: “Sugar mills will buy sugarcane but they will cut the quantity purchased I think. For example, those who always buy 100 tonnes will reduce to 80 tonnes.”

Two large sugar companies have announced this year’s prices, which are MMK 4000–5000 lower than last year. Nawaday Sugar Mill will sell at MMK 45,000 per tonne of sugarcane, and Great Wall will sell at MMK 40,000 per tonne. Other sugar mills have yet to announce their prices.

The chief cause of the price drop is a growing number of sugar farmers in Myanmar. There are now more than half a million sugar farmers in Myanmar, according to the Myanmar Times. The higher supply caused a sugar cane surplus at processing plants, which has in turn led many sugar mills to reduce this year’s orders. To protect Myanmar’s sugar cane industry, a group of sugar cane farmers has sent a letter to the government requesting that it restrict sugar cane imports.

**Tourism rises in Mandalay**

Tourism is rising in Mandalay as around 600,000 tourists are expected to have visited the city by the end of the year. That is a significant rise from last year, the Directorate of Hotels and Tourism in Upper Myanmar (DHT) told the Myanmar Times. Chinese tourists accounted for the lion’s share of the growth nearly 400,000 visitors, followed by Spanish, Germans, French, Italians, Americans and Indians.

An official from the DHT emphasized the need for improved transportation and an easier visa process.

Measures taken this year seem to be behind the recent tourism boom. The Myanmar government has introduced paperless visas and visas on arrival for many countries. The first of the new visas on arrival were for other Asian nations, but this year Myanmar introduced them to a handful of European countries. Furthermore, several Myanmar airlines have added new routes and aircraft this year. Golden Myanmar Airlines said it purchased three new jets in anticipation of a rise in Chinese tourism akin the one Mandalay seems to be already enjoying.

Myanmar's tourism sector saw disappointingly low growth after the country's transition to democracy, and the crisis on its western border further discouraged tourism, especially from the West. But the country's improvements in infrastructure and shift in emphasis to visitors from Asia appears to be bearing fruit.

**China eyes Ayeyarwady as potential shipping channel**

To overcome Myanmar's underdeveloped roadway infrastructure, China could be turning to the Ayeyarwady River. The country has been conducting feasibility studies for ports that will link Yunnan with Mandalay and Yangon. The developments would be a part of China's ongoing China-Myanmar Economic Corridor, which aims to bring Myan-mar into China's larger Belt and Road Initiative.

Liu Jinxin, president of China Kunming South Asia & Southeast Asia International Logistics Research Institute, said that railroads and warehouses connected to inland port have already been constructed on the China side. He continued that Myanmar would require Chinese assistance in building its own inland ports at key spots along Myan-mar's largest river. However, developing a river route could help China bypass Myanmar's underdeveloped over-land trade routes.

The China-Myanmar Economic Corridor was officially launched in 2017 and called for billions of dollars of new infrastructure projects. These include new highways and a railway linking Mandalay with the border town of Muse. However, many of these projects are years from completion, and roadway conditions remain abysmal at key choke points along major trade routes. Worse, ongoing fighting in northern Myanmar continues to stall trade. By sup-porting river infrastructure, China appears to be hedging its bets for its economic partnership with Myanmar.

**Japanese to invest USD 62 million in telecom infrastructure project**

Four Japanese companies will work with the Myanmar government to build communications lines between the Thilawa Special Economic Zone and Myanmar's largest cities. The companies are the Sojitz Corporation, the NTT Communications Corporation, NEC Corporation and NEC Net-works & System Integration Corporation. The state-owned Myanma Posts and Telecommunications, better known as MPT, commissioned the so-called Communication Network Improvement Project (CNIP), which will require an investment of USD 62 million. CNIP will include a wide range of infrastructure additions and improvements de-signed to link Thilawa with Yangon, Naypyidaw and Mandalay cities by 2021. These varied projects will include high-speed transmission lines and the first rollout of Myanmar's 5G service.

There has been no shortage of Japanese investment in Myanmar in recent years. The Japanese government is a key development partner for the Thilawa Special Economic Zone, and it has also funded roadways, public transportation and power distribution infrastructure in the city of Yangon.

Meanwhile, communications has been one of Myanmar's biggest developmental success stories. Vast resources

TIRD

have been poured into cellular infrastructure in an attempt to achieve 100 percent coverage. In 2014, only around a tenth of the country had cellular coverage. Now that number is around 90 percent, 30 percent higher than the portion of the population with access to the national power grid.

**Source: Thura Swiss News (Issue 393 November 28, 2019 )**

## STOCK EXCHANGE (29.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 11,500 | 140 | 1,674,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,850 | 3,900 | 3,850 | 747 | 2,886,800 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 23,000 | 67 | 1,541,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,950 | 2,950 | 2,700 | 2,932 | 8,398,750 | 12,823,224 | 36,546 |

### Market summary

As of 29th Nov. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 478.31 | +8.91 | +1.90% | 479.25 | 479.25 | 470.30 | 3,886 | 14,501,050 | 5 | 654,961 |

**Index chart**



# Market Overview

As of 1:00 pm, 29th Nov. 2019

| MYANPIX | 478.31 ▲ 8.91 |
|---|---|
| Total Volume (shares) | 3,886 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 654,961 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,850 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,850 | ▼ 50 |

TIR